## ရင်းနှီးမြှုပ်နှံမှုအတည်ပြုမိန့်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၁။ အတည်ပြုလျှောက်ထားလွှာဖြင့် ပြင်ဆင်ခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

အတည်ပြုလျှောက်ထားလွှာပုံစံ (၄–ခ)အား ပုံစံကြေး ၅၀၀ ကျပ်ဖြင့် DICA မှ ရယူပါ။ (သို့မဟုတ်) DICA Website မှ ရယူပါ။

၂။ အတည်ပြုလျှောက်ထားလွှာနှင့်အတူ ပူးတွဲတင်ပြရမည့် အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ရင်းနှီးမြှုပ်နှံကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပဲ စီးပွားရေးအဖွဲ့အစည်း ဖြစ်ပါက တရားဝင်ကိုယ်စားလှယ်လွှဲစာ ယူဆောင်လာရမည်။

( ခ) ကုမ္ပဏီမှတ်ပုံတင်အထောက်အထားမိတ္တူ။

( ဂ) ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်း/သင်းဖွဲ့စည်းမျဉ်း သို့မဟုတ် ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း။

(ဃ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ/ နိုင်ငံကူးလက်မှတ်မိတ္တူ။

( င) သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်၊ လိုင်စင်၊ ပါမစ်စသည်တို့ ရရှိပါက ပူးတွဲ တင်ပြရန်။

( စ) နှစ်အလိုက်ထုတ်လုပ်မှု/ဝန်ဆောင်မှု (လုပ်ငန်းအမျိုးအစားအလိုက်)

(ဆ) မတည်ငွေရင်းယူဆောင်လာရမည့်ကာ

( ဇ) ခန့်ထားမည့်ဝန်ထမ်းအင်အား/လစာ (မြန်မာ၊နိုင်ငံခြား)

( ဈ) အဆိုပြုလုပ်ငန်းအကျဉ်းချုပ်

(ည) ဖက်စပ်ပြုလုပ်ခြင်းဖြစ်ပါက (ဖက်စပ်စာချုပ်မူကြမ်း)

( ဋ) အခြားသဘောတူညီချက်ပုံစံတစ်မျိုးမျိုးဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါက စာချုပ် မူကြမ်း။

၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ သတ်မှတ်ထားသည့် ဝန်ဆောင်ခပေးသွင်း ရပါမည်။

၄။ ကုမ္ပဏီမှ အတည်ပြုလျှောက်ထားလွှာ (၁၀)စုံဖြင့် ကော်မတီ အစည်းအဝေးသို့ တင်ပြ ရပါမည်။

၅။ အတည်ပြုမိန့်ထုတ်ယူခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဒါရိုက်တာအဖွဲ့ဝင်(၁)ဦးမှ ၎င်းပုဂ္ဂိုလ်၏ မှတ်ပုံတင်(သို့) Passport (မူရင်း၊ မိတ္တူ)နှင့် အတူ ဒါရိုက်တာစာရင်း ယူဆောင်လာရမည်။

( ခ) နိုင်ငံခြားကုမ္ပဏီဖြစ်ပါကဘဏ်တွင် US$ ၇၅,၀၀၀ သွင်းထားသည့် အထောက်အထား ယူဆောင်လာရမည်။

၆။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအကျဉ်းချုပ်တွင် အောက်ပါအချက်အလက်များပါဝင်ရမည်-

(က) ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးမြှုပ်နှံမှုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုး စီးပွား သိသာထင်ရှားစွာပါဝင်သော အခြားပုဂ္ဂိုလ်များ

( ခ) ရင်းနှီးမြှုပ်နှံမှု၏ အဓိကတည်နေရာ သို့မဟုတ် တည်နေရာများ

( ဂ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပြုလုပ်မည့် ကဏ္ဍနှင့်ဆောင်ရွက်မည့် စီးပွားရေး လုပ်ငန်းများ ဖော်ပြချက်

(ဃ) အဆိုပြုထားသောရင်းနှီးမြှုပ်နှံမှုပမာဏ

( င) ရင်းနှီးမြှုပ်နှံမှုအကောင်အထည်ဖော် ခန့်မှန်းအချိန်ဇယားအပါအဝင် အစီအစဉ် ဖော်ပြချက်

( စ) ခန့်ထားသည့် အလုပ်သမားဦးရေနှင့် ရင်းနှီးမြှုပ်နှံမှုမှ ရရှိသည့်ပို့ကုန်ဝင်ငွေ

(ဆ) ကော်မရှင်မှအခါအားလျော်စွာ သတ်မှတ်မည့် အခြားသတင်းအချက်အလက် များ (သဘာဝပတ်ဝန်းကျင်နှင့်ဒေသခံလူထုအပေါ် ရင်းနှီးမြှုပ်နှံမှု၏ အကျိုး သက်ရောက်မှု၊ CSRအစီအစဉ်၊ ဝန်ထမ်းသက်သာချောင်ချိရေးဆောင်ရွက်မှု၊ မီးဘေးကာကွယ်ရေး စီမံချက်၊ ရင်းနှီးမြှုပ်နှံသူ၏ ငွေရေးကြေးရေး အထောက်အထား)

၇။ အတည်ပြုလျှောက်ထားလွှာ စိစစ်လက်ခံခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အတည်ပြုလျှောက်ထားလွှာအား လက်ခံမည်ဆိုပါက **၃၀ ရက်** အတွင်း စိစစ်၍ ခွင့်ပြုနိုင်မည်ဆိုပါက အလုပ်လုပ်ရက် **၁၀ ရက်** အတွင်းအတည်ပြုမိန့် ထုတ်ပေးရမည်။

( ခ) အတည်ပြုလျှောက်ထားလွှာအား ငြင်းပယ်မည်ဆိုပါက **၁၅ရက်** အတွင်း ငြင်းပယ်ရ မည်ဖြစ်ပြီး အလုပ်လုပ်ရက် **၅ရက်** အတွင်းငြင်းပယ်ရခြင်း အကြောင်းရင်းအား ရင်းနှီးမြှုပ်နှံသူထံ အကြောင်းကြားရမည်။

၈။ မြေအသုံးပြုခွင့်လျှောက်ထားလွှာ ပုံစံ(၇-ခ)နှင့်အတူ ပူးတွဲတင်ပြရမည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြေပိုင်ဆိုင်မှု/မြေဂရန်အထောက်အထား (စက်မှုဇုန်မှအပ)၊ မြေပုံနှင့် မြေငှားစာချုပ် (မူကြမ်း)

( ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၁၇ အရ မြေအသုံးပြုခွင့် လျှောက်ထားလွှာတွင် အောက်ပါအချက်အလက်များ အနည်းဆုံးပါဝင်ရမည်-

(၁) မြေဧရိယာ၊ အမျိုးအစားနှင့်တည်နေရာ။

(၂) မြေပိုင်ရှင်များနှင့်စပ်လျဉ်းသည့်အချက်အလက်များ။

(၃) ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် မြေအသုံးချမှု ပြောင်းလဲခြင်းအတွက် အဆိုပြုချက်အား အတည်ပြုပေးမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် အခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံမှ ရယူသည့် ထောက်ခံစာ သို့မဟုတ် အလားတူ စာရွက်စာတမ်း သို့မဟုတ် ခွင့်ပြုချက်။

(၄) အဆိုပြုထားသည့် မြေ၏ သဘာဝမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့် အနေအထားအား သိသာထင်ရှားစွာ ပြောင်းလဲရန် လိုအပ်ခြင်း ရှိ-မရှိ။

(၅) လျှောက်ထားသည့်မြေ အသုံးပြုခွင့်ကာလ။

(၆) မြေငှားရမ်းခြင်းစာချုပ်(မူကြမ်း)။

၉။ ရင်းနှီးမြှုပ်နှံသူပိုင်ဆိုင်သည့် သို့မဟုတ် ငှားရမ်းသည့်မြေသည် လက်ရှိမြေ ပိုင်ဆိုင်သူ ၏ အမည်ဖြင့် ပိုင်ဆိုင်ခြင်းမဟုတ်ခဲ့လျှင် မြေပိုင်ဆိုင်သူက ၎င်းပိုင်ဆိုင်ကြောင်း ခိုင်လုံသည့် အထောက်အထားနှင့်စာရွက်စာတမ်းများဖြင့် တင်ပြခွင့်ရှိသည်။

၁၀။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်မည့်မြေသည် မြေဂရန်လျှောက်ထားဆဲဖြစ်ပါက မြေဂရန် လျှောက်ထားဆဲဖြစ်ကြောင်း အထောက်အထား တင်ပြရမည်။